# ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့သော မြန်မာအငြိမ့်သီချင်းများကို စာပေရှုထောင့်မှလေ့လာခြင်း

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မထိပ်တင်ဟန်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းတွင်မြန်မာအငြိမ့်သဘင်စတင်ပေါ်ပေါက်လာပုံနှင့်အငြိမ့်မင်းသမီးတို့၏အောင်မြင်ကျော်ကြားခဲ့သောကိုလိုနီခေတ်အငြိမ့်သဘင်များမှအငြိမ့်သီချင်းများကိုလေ့လာတင်ပြထားပါသည်။ အငြိမ့်သီချင်းများသည်အငြိမ့်မင်းသမီးများ၏ချစ်မေတ္တာခံစားမှုများ၊ ခေတ်၏ နိုင်ငံရေးအခြေအနေများ၊ လူမှုရေးအခြေအနေများ၊ မြန်မာအမျိုးကောင်းသားသမီးတို့၏ လိုက်နာပြုပြင်သင့်သည့်အချက်များကိုဖေါ်ထုတ်ဖွင့်ဟ လမ်းညွှန်ခဲ့ကြပါသည်။ လူထုနှင့်တိုက်ရိုက်ထိတွေ့ပြီး ပရိတ်သတ်ကို တရင်းတနှီး ပြောဆိုဖျော်ဖြေခဲ့ကြပါသည်။ကိုလိုနီခေတ်ပြည်သူတို့၏နိုင်ငံရေးဘဝအမော၊လူမှုရေးဘဝအမောတို့ကို ကျောက်စက်ကျရေပမာ ချွေးသိပ်ဖြေဖျောက်ပေးနိုင်ခဲ့ပါသည်။ အငြိမ့်မင်းသမီးတစ်လက်အောင်မြင်ကျော်ကြားလာစေရန်အဓိကစွမ်းဆောင်ပေးခဲ့ကြသောသီချင်းရေးဆရာတို့ကလည်းခေတ်ပေါ်ပင်စကားလုံးများသုံးကာ ပရိသတ်နားဝင်ချို၍နှစ်သက်ခံစားလာအောင်ရေးဖွဲ့ပေးခဲ့ကြပါသည်။ မင်းသမီးတကိုယ်တော်သီဆိုဖျော်ဖြေတင်ဆက်ရခြင်းကြောင့် ကာလသားလူရွယ်အကြိုက်အညှုအစရာသံများလည်းပါအောင်ဖွဲ့သီပေးကြရသည်။ သို့ဖြစ်၍ အငြိမ့်သီချင်းများ၏အရေးအဖွဲ့သည် လွယ်မယောင်နှင့်ခက်လှပေသည်။ တိမ်မယောင်နှင့်နက်လှပေသည်။ ထို့ပြင်အငြိမ့်သီချင်းများတွင်အငြိမ့်မင်းသမီးတို့၏ဘဝနှင့်ခေတ်ကာလအခြေအနေများကိုလည်း သိရှိနိုင်ပေသည်။ အငြိမ့်သီချင်းများတွင် ချစ်ခြင်းမေတ္တာဖွဲ့သီချင်းများကို သီဆိုလေ့ရှိခြင်း၊ ကိုယ်ပိုင်အမည်များထည့်သွင်းကာသီဆိုဖျော်ဖြေလေ့ရှိခြင်း၊လူထုနှင့်နီးစပ်မှုရှိ၍ခေတ်ပေါ်ပင်အကြောင်း အရာများကိုသာ အများဆုံးပါဝင်လေ့ရှိခြင်း၊သီချင်းစာသားများကိုထပ်ကာထပ်ကာသီဆိုလေ့ရှိခြင်း၊ သီချင်းတစ်ပုဒ်လုံးတွင်ကာရန်တူများဖြင့် အသံသာပြီးရွတ်ဆို၍ ကောင်းအောင်ရေးဖွဲ့လေ့ရှိခြင်းစသောအချက်အလက်များကိုလေ့လာသိရှိရပါသည်။

ယခုအခါတွင် မြန်မာ့အငြိမ့်သဘင်နှင့်အငြိမ့်သီချင်းများသည် ပျောက်ကွယ်လုမတတ်ဖြစ်လာပါသည်။ ထို့ကြောင့်တစ်ခေတ်တစ်ခါက အောင်မြင်ကျော်ကြားခဲ့သော အငြိမ့်သီချင်းများကို ရှာဖွေစုဆောင်း၍လေ့လာတင်ပြရခြင်းဖြစ်ပါသည်။အငြိမ့်သီချင်းများကိုလေ့လာခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံ တို့ကိုလည်းကောင်း၊ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်သွေးဓာတ်မာန်တို့ကိုလည်းကောင်း ပြန်လည်ဖေါ်ထုတ်နိုင်သည့်အပြင်သိမ်မွေ့နက်နဲလှသော မြန်မာ့အနုပညာ၏စွမ်းပကားကိုမြတ်နိုးလေးစားဂုဏ်ယူတတ်လာစေပါသည်။ မြန်မာစာပေတွင်ဂီတစာပေ၏ တန်ဖိုးကြီးမားပုံကိုလည်းသိမြင်လာစေပါသည်။